**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**

**သတ္တုတွင်းဝန်ကြီးဌာန**

**(သွေးပြီး ကျောက်မျက်ရတနာအချောထည်အလွတ်နှင့် ကျောက်မျက်ရတနာ အရိုင်းအလွတ် (CUT AND ROUGH LOOSE GEMSTONES) များကို ပြည်ပသို့ ထုတ်ဆောင်မည့်သူများအား စနစ်တကျရောင်းချနိုင်ရန် သတ်မှတ်သည့် အမိန့်ကြော်ငြာစာ)**

**အမိန့်ကြော်ငြာစာအမှတ် (၃၉/၉၈)**

**ရန်ကုန်မြို့၊ ၁၃၆၀ ပြည့်နှစ်၊ ဦးတန်ခူးလပြည့်ကျော် (၁၃) ရက်**

**(၁၉၉၈ ခုနှစ်၊ ဧပြီလ၊ ၂၄ ရက်)**

၁။ သွေးပြီး ကျောက်မျက်ရတနာအချောထည်အလွတ်နှင့် ကျောက်မျက်ရတနာ အရိုင်းအလွတ် (CUT AND ROUGH LOOSE GEMSTONES) များကို ပြည်ပသို့ ထုတ်ဆောင်မည့်သူများအား စနစ်တကျရောင်းချနိုင်ရန်အလို့ငှာ သတ္တုတွင်းဝန်ကြီးဌာနသည် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဃ) နှင့် ပုဒ်မ ၅၄၊ ပုဒ်မခွဲ (ခ) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

(က) နိုင်ငံခြားငွေဖြင့် ရောင်းချနိုင်ရန် လိုင်စင်ရရှိထားသူများနှင့် အခြားမည်သူမဆို ကျောက်မျက်ရတနာ အချောထည်ပါရှိသည့် လက်ဝတ်ရတနာနှင့် ကျောက်စိမ်းရုပ်ထု ရုပ်ထွင်း (JEWELLERY AND JADE FIGURINES) များမှအပ သွေးပြီးကျောက်မျက်ရတနာ အချောထည်အလွတ်များကို ဖြစ်စေ၊ ကျောက်မျက်ရတနာအရိုင်းအလွတ်များကို ဖြစ်စေ ပြည်ပသို့ထုတ်ဆောင်မည့်သူများအား နိုင်ငံခြားငွေဖြင့် ရောင်းချလိုပါက ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ အမှတ် (၃၃) ရပ်ကွက်တွင် ဖွင့်လှစ်ထားသည့် ပင်လုံရတနာဈေးတွင်သာ ရောင်းချရမည်။

(ခ) ဖော်ပြပါ ပင်လုံရတနာများတွင် ရောင်းချသူများသည် ပြည်ပသို့ ထုတ်ဆောင်မည့်သူအား နိုင်ငံခြားငွေဖြင့် ရောင်းချပါက မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ ထုတ်ပေးသည့်ငွေ လက်ငင်း ပြေစာဖြင့်သာ ရောင်းချမည့်အပြင် ဝယ်ယူသည့် သွေးပြီးကျောက်မျက်ရတနာ အချောထည် အလွတ် ဖြစ်စေ၊ ကျောက်မျက်ရတနာအရိုင်းအလွတ်ကို ဖြစ်စေ၊ ပြည်ပသို့ တရားဝင် ထုတ်ဆောင်နိုင်ရေး အတွက် ပင်လုံရတနာဈေးတွင် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ ဖွင့်လှစ်ထားရှိသည့် ကျောက်မျက်ရတနာ ရောင်းဝယ်ရေးဌာန၊ (GEMS TRADING CENTER) ၏ကြီးကြပ်မှုကို လိုက်နာ ဆောင်ရွက်ရမည်။

၂။ ဤအမိန့်ကြော်ငြာစာတွင် သတ်မှတ်ထားသည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်း မပြုဘဲ တရားမဝင် ရောင်းဝယ်သူ မည်သူမဆို မြန်မာ့ကျောက်မျက်ရတနာ ဥပဒေအရ အရေးယူခြင်းခံရမည်။

ဗိုလ်မှူးချုပ် အုန်းမြင့်
ဝန်ကြီး
သတ္တုတွင်းဝန်ကြီးဌာန
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ